The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ(၉) ၊ အမှတ်(၈) ၊ ဩဂုတ်လ ၃၁ ၊ ၂၀၂၄

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# အနန်းကွင်းတွင် လေကြောင်းနှင့် လက်နက်ကြီးတိုက်ခိုက်မှုကြောင့် နေအိမ် (၃၂) လုံး မီးလောင်ပျက်စီး၊ ဒေသခံ (၂,၃၀၀) ကျော် ထွက်ပြေးနေရ



စာမျက်နှာ (၄) သို့

## ကျိုက်ထိုပစ်ခတ်မှုတွင် သတင်းထောက် (၂) ဦး သေဆုံး



ဩဂုတ်လ ၂၃၊ ၂၀၂၄

၂၀၂၄ ဩဂုတ်လ (၂၁) ရက်နေ့ နံနက် (၉) နာရီခန့်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာ ဘဲလေးစားသောက်ဆိုင်အနီးရှိ အလွတ်တန်းသတင်းထောက်ကိုထက်မြတ်သူ၏ နေအိမ်ကို စစ်ကောင်စီတပ်က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်စီးနင်းခဲ့သည်။

စာမျက်နှာ (၅) သို့

INSIDE

ချောင်းဆုံတွင် စစ်မှုထမ်းသင်တန်းသား ထောက်ပံ့ရန်ဟုဆိုကာ လစဉ်ငွေကြေးကောက်ခံနေ — စာမျက်နှာ (၁၀) သို့

မောင်မယ်ရှောင်တွင် စစ်ရှောင်အမျိုးသမီးတစ်ဦး မြေမြှုပ်မိုင်းနင်းမိ — စာမျက်နှာ (၁၅) သို့

လောင်းလုံးတွင် အမျိုးသမီးတစ်ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ရိုက်နှက် — စာမျက်နှာ (၁၈) သို့

၂၀၂၄ ဇူလိုင်လ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း — စာမျက်နှာ (၂၂) သို့

ကော့သောင်းသို့ပြန်ပို့ခံရသည့် မြန်မာလုပ်သား (၂၅) ဦးကို စစ်ကောင်စီက — စာမျက်နှာ (၂၂) သို့

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

# လက်နက်မဲ့ပြည်သူများကို ထင်တိုင်းကြဲအနိုင်ကျင့်နေသည့် “တိုက်တိုင်းရှုံး” စစ်ကောင်စီ

## (၂၀၂၄ ဩဂုတ်လအတွက် အယ်ဒီတာ့အာဘော်)

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၉) အမှတ် (၈) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထု ကို တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေ လျက် ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၄ ဩဂုတ်လတွင် မြို့နယ် (၁၉) မြို့နယ်မှ လူအခွင့်အရေးချိုးဖောက်မှုသတင်း အပုဒ် (၅၀) နီးပါးကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

သတင်းအချက်အလက်ရရှိသည့်မြို့နယ် အရေအတွက်သည် (၁၉) မြို့နယ်အထိ ရှိနေသဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် စစ်ကောင်စီက လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်နှင့် လွန်လွန်ကျူးကျူး ကျူးလွန်နေကြောင်း သိနိုင်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များစသည့် လက်နက်ကိုင်တပ်ဖွဲ့များနှင့် ထိတွေ့ရာတွင် **“တိုက်တိုင်းရှုံး”** ဖြစ်နေသည့် စစ်ကောင်စီက လက်နက်မဲ့ပြည်သူများကိုမူ နည်းမျိုးစုံဖြင့် အနိုင်ကျင့်နေသည်။

မတရားဖမ်းဆီးသတ်ဖြတ်မှုများ၊ ပြည်သူတို့၏အိုးအိမ်စည်းစိမ်ကို မီးရှို့ဖျက်ဆီးမှုများ၊ မတရားသော ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ပြဋ္ဌာန်းထုတ်ပြန်ခြင်းများ၊ ငွေကြေး အတင်းအဓမ္မတောင်းခံခြင်းများ စသည်တို့ကို အရှိန်အဟုန်မပျက် ကျူးလွန်နေဆဲ ဖြစ်သည်။

ယခုလတွင် မတရားဖမ်းဆီးသတ်ဖြတ်မှုသည် အကြိမ်အရေအတွက်အားဖြင့် (၂၀) ဝန်းကျင် ဖြစ်ပွားခဲ့ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးမှုနှင့် ချိပ်ပိတ်မှုသည် (၁၀) ကြိမ်ကျော် ဖြစ်ပွားခဲ့ သည်။ အဆိုပါချိုးဖောက်မှုများသည် လစဉ်လတိုင်းတွင် အရေအတွက်မြင့်မားစွာ ဖြစ်ပွား နေသည့် ချိုးဖောက်မှုများ ဖြစ်သည်။

အမျိုးသား (၂) ဦး ဆိုင်ကယ်အတူမစီးရ၊ ညမထွက်ရ၊ လက်ကိုင်ဖုန်းများတွင် VPN ထည့်သွင်းအသုံးမပြုရ စသည့် မတရားသောဥပဒေနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နေပြီး အဆိုပါတားမြစ်ချက်များကို ကျူးလွန်ဖောက်ဖျက်သည် ဟုဆိုကာ စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပြည်သူများကို ဖမ်းဆီးငွေညှစ်နေသည်။

၎င်းပြင် ပြည်သူ့စစ်ဥပဒေကို ပြဋ္ဌာန်းပြီး လူငယ်လူရွယ်များကို စစ်သားအဖြစ် မတရားစုဆောင်းနေသည့် စစ်ကောင်စီက "ပြည်သူ့လုံခြုံရေး" ဟုဆိုကာ အသက် (၃၅) မှ (၆၅) နှစ်အတွင်းရှိ လူကြီးများကိုပါ စစ်တပ်လက်အောက်သွတ်သွင်းနိုင်ရန် အမိန့်ညွှန်ကြားချက် ထုတ်ပြန်လာသည်။ "စစ်မှုမထမ်း မနေရ" ဥပဒေကြောင့် လူငယ်များ ရှောင်တိမ်းနေရချိန်တွင် လူကြီးများကိုပါ ပစ်မှတ်ထားလာသဖြင့် ပြည်သူများမှာ "ပြေးပေါက်ပိတ်" နေပြီ ဖြစ်သည်။

အဖက်ဖက်တွင် ကျရှုံးနေသည့် စစ်ကောင်စီသည် နိုင်ငံ၏စီးပွားရေးကိုလည်း စီမံခန့်ခွဲနိုင်ခြင်း မရှိချေ။ အမေရိကန်ဒေါ်လာ ပြတ်လပ်ခြင်းကြောင့် အခြေခံလိုအပ်ချက်ဖြစ်သည့် စက်သုံးဆီကို ဝယ်ယူ တင်သွင်းနိုင်ခြင်း မရှိတော့ချေ။

မအောင်မြင်သည့် အာဏာသိမ်းမှုနောက်ပိုင်း မွန်ပြည်နယ်အပါအဝင် နိုင်ငံတဝန်းလုံးတွင် စက်သုံးဆီပြတ်လပ်မှု (၄) ကြိမ်တိုင်တိုင် ကြုံတွေ့ခဲ့ရပြီး ယခုအကြိမ်သည် အဆိုးရွားဆုံးဖြစ်သည်။ လကုန်ပိုင်းတွင် စက်သုံးဆီ ပြန်လည်ရရှိခဲ့သော်လည်း ဈေးနှုန်းမြင့်တက်သွားပြီ ဖြစ်သည်။ စက်သုံးဆီဈေးနှုန်း မြင့်တက်လာသဖြင့် အခြားထုတ်ကုန်များလည်း ဈေးနှုန်းမြင့်တက်လာသည်။

နိုင်ငံရေးမတည်ငြိမ်မှုကြောင့် ကျပ်ငွေတန်းဖိုး ကျဆင်းလာပြီး ပြည်သူများမှာ ပိုမိုကြပ်တည်းလာသည်။ ငွေကြေးဖောင်းပွခြင်းနှင့် ကုန်သွယ်ရေးလမ်းကြောင်း ပိတ်သွားခြင်းကြောင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်လာသည့်အပြင် ကုန်ပစ္စည်း ပြတ်လပ်မှုများလည်း ဖြစ်ပေါ်လာသည်။

စစ်ကောင်စီသည် အထွေထွေအကြပ်အတည်းကို ကြုံတွေ့နေရသည့် ပြည်သူများကို ကူညီရန် မစဉ်းစားဘဲ ၎င်းတို့ထွက်ပေါက်ရရှိရန်အတွက်ကိုသာ အာရုံထားပြီး ပြည်သူအတွက် အကျိုးဖြစ်ထွန်းမှုမရှိသည့် ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဆက်လက်ထုတ်ပြန်နေဆဲ ဖြစ်သည်။

မွန်ပြည်နယ်အပါအဝင် မြန်မာတနိုင်ငံလုံးသည် စစ်ကောင်စီ၏ ညှဉ်းဖျင်းမှုနှင့် ရက်စက်ကြမ်းကြုတ်မှုတို့ကြောင့် "သန်းခေါက်ထက် ညဥ့်မနက်" ဆိုသည့်အတိုင်း အမှောင်ထုထဲသို့ ပို၍ပို၍သာ နစ်ဝင်လာနေသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်းမှတဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့်အလေ့အထကို ချိုးဖျက်ရပ်တန့်ရန် လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက်ဒရယ် ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၄ ဩဂုတ်လ

စာမျက်နှာ (၁) အဆက်

# အနန်းကွင်းတွင် လေကြောင်းနှင့် လက်နက်ကြီးတိုက်ခိုက်မှုကြောင့် နေအိမ် (၃၂) လုံး မီးလောင်ပျက်စီး၊ ဒေသခံ (၂,၃၀၀) ကျော် ထွက်ပြေးနေရ



**ဩဂုတ် ၂၂၊ ၂၀၂၄**

၂၀၂၄ ဩဂုတ်လ (၁၉) ရက်နေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှု ပြုလုပ်ခဲ့သည့်အတွက် နေအိမ် (၃၂) လုံး မီးလောင်ပျက်စီးပြီး ဒေသခံပြည်သူ (၂,၃၀၀) ကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။

စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့သည် အနန်းကွင်းကျေးရွာအနီးတွင် ပြီးခဲ့သည့်ဩဂုတ်လ (၁၅) ရက်နေ့ကတည်းက တိုက်ပွဲများတစ်ကျော့ပြန်ဖြစ်ပွားနေခြင်းဖြစ်သည်။

တိုက်ပွဲပြီးနောက် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲကလိအခြေစိုက် အမြောက်တပ်ရင်းက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည့်အပြင် လေကြောင်းတိုက်ခိုက်မှုပါ ပြုလုပ်ခဲ့သည်။

တိုက်ခိုက်မှုများကြောင့် အနန်းကွင်း၊ လွတ်ရှမ်း၊ ပန်းအောင်၊ ပုတောနှင့် တညင်းကျေးရွာများမှ ဒေသခံပြည်သူ (၂,၃၀၀) ကျော် စစ်ဘေးရှောင်နေရသည်။

"ညနေပိုင်းလောက်မှာ စစ်ကောင်စီတပ်က လေယာဉ်နဲ့ ဗုံးလာကြဲတယ်။ လေယာဉ်သံကြားတော့ အကုန်လုံး ရွာကနေ ထွက်ပြေးလာရတယ်။ နေအိမ်တွေလည်း လက်နက်ကြီးထိပြီး မီးလောင်ပျက်စီးနေတယ်။ ထိခိုက်သေဆုံးတာမျိုးတော့ မရှိဘူး" ဟု အနန်းကွင်းဒေသခံတစ်ဦးက ပြောသည်။

အနန်းကွင်းကျေးရွာကို စစ်ကောင်စီတပ်ဖွဲ့ဝင်အင်အား (၃၀၀) နီးပါးက စစ်ကြောင်းထိုးဝင်ရောက်နေပြီး ဒေသခံများ၏နေအိမ်များကို မီးရှို့ဖျက်စီးနေသည်။

ပြီးခဲ့သည့်မတ်လတွင်လည်း မော်လမြိုင်အခြေစိုက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်က အနန်းကွင်းကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။

# ကျိုက်ထိုပစ်ခတ်မှုတွင် သတင်းထောက် (၂) ဦး သေဆုံး

ဩဂုတ်လ ၂၃၊ ၂၀၂၄

၂၀၂၄ ဩဂုတ်လ (၂၁) ရက်နေ့ နံနက် (၉) နာရီခန့်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာ ဘဲလေးစားသောက်ဆိုင်အနီးရှိ အလွတ်တန်းသတင်းထောက် ကိုထက်မြတ်သူ၏ နေအိမ်ကို စစ်ကောင်စီတပ်က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်စီးနင်းခဲ့သည်။



နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ကိုထက်မြတ်သူ၊ DVB သတင်းဌာန၏ သတင်းထောက်ဖြစ်သူ ကိုဝင်းထွဋ်ဦးနှင့် ကျိုက်ထိုတော်လှန်ရေးအင်အားစု (KRF) မှ တပ်ဖွဲ့ဝင် (၂) ဦးတို့ သေဆုံးခဲ့သည်။ ၎င်းပြင် ကိုထက်မြတ်သူ၏ လေဖြန်းဝေဒနာခံစားနေရသည့်အဘွားဖြစ်သူလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

"ထက်မြတ်သူနဲ့ KRF တပ်ဖွဲ့ဝင်တွေက ငယ်သူငယ်ချင်းတွေလို့ သိရတယ်။ အိမ်အလည်လာတဲ့အချိန်မှာ ဝင်စီးခံရတာ။ သတင်းပေးတွေကြောင့် ဖြစ်မယ်။ နေအိမ်လာစီးတုန်းကဆို စစ်သား (၄၀) လောက် ရှိမယ်။ ရောက်တာနဲ့ အိမ်ထဲကို ချက်ချင်းတန်းပစ်တာ။ သေနတ်သံတွေ ဆူညံသွားတာပဲ" ဟု လက်ပြကျေးရွာဒေသခံတစ်ဦးက ပြောသည်။

ကိုဝင်းထွဋ်ဦးနှင့် KRF တပ်ဖွဲ့ဝင် (၁) ဦးတို့သည် အခင်းဖြစ်ပွားရာတွင်ပင် သေဆုံးခဲ့သော်လည်း ကိုထက်မြတ်သူနှင့် အခြား KRF တပ်ဖွဲ့ဝင် (၁) ဦးကိုမူ ဖမ်းဆီးရမိပြီးနောက်မှ စစ်ကောင်တပ်ဖွဲ့ဝင်များက ၎င်းတို့က လက်ပြန်ကြိုးတုပ်ကာ ကားလမ်းပေါ်တွင် ပစ်သတ်ခဲ့ခြင်းဖြစ်သည်ဟု ဖြစ်စဉ်ကိုသိရှိသူတစ်ဦးက မွန်လူထုအသံကို ပြောသည်။

သေဆုံးသူများ၏ရုပ်အလောင်းများကို စစ်ကောင်စီတပ်က မိသားစုဝင်များထံ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ ကျိုက်ထိုမြို့နယ် တောင်ကလေးကျေးရွာသုသာန်တွင် မီးသင်္ဂြိုလ်လိုက်ကြောင်း ကာယကံရှင်မိသားစုနှင့်နီးစပ်သူများက ပြောသည်။

ကိုဝင်းထွဋ်ဦးသည် ၂၀၂၁ မအောင်မြင်သည့်အာဏာသိမ်းမှုပြီးနောက် ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့မှုဖြင့် ပုဒ်မ ၅၀၅(က) ဖြင့်ဖမ်းဝရမ်းထုတ်ခံထားရသူဖြစ်သကဲ့သို့ ကိုထက်မြတ်သူသည်လည်း ၂၀၂၁ မတ်လတွင် ကျိုက်ထိုမြို့နယ်မှ ဆန္ဒပြပွဲတစ်ခုတွင် သတင်းရယူစဉ် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခံခဲ့ရသူ ဖြစ်သည်။ ကိုထက်မြတ်သူကို စစ်ကောင်စီက ထောင်ချခဲ့ပြီး ၂၀၂၁ အောက်တိုဘာ (၁၉) ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။

စစ်ကောင်စီက ကျိုက်ထိုမြို့နယ်တွင် ဖမ်းဆီးမှုများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်နေပြီး ဩဂုတ်လတတိယအပတ်တွင် ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူး (၁) ဦး၊ ကံကော်ရပ်ကွက်နေ အမျိုးသမီးရှေ့နေ (၁) ဦးနှင့် အရပ်သားပြည်သူ (၄) ဦး ဖမ်းဆီးခံထားရသည်။

# မောင်းမကန်တွင် စစ်ဘေးရှောင်နှင့် ဒေသခံ (၇) ဦးကို စစ်ကောင်စီ ဖမ်းဆီး




**ဩဂုတ် ၂၅၊ ၂၀၂၄**

၂၀၂၄ ဩဂုတ်လ (၂၂) ရက်နေ့တွင် တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် မောင်းမကန်ကျေးရွာမှ စစ်ဘေးရှောင်ပြည်သူနှင့် ဒေသခံ (၇) ဦးကို စစ်ကောင်စီတပ်က ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ဩဂုတ်လ (၁၇) ရက်နေ့တွင် မောင်းမကန်ရဲစခန်းကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဩဂုတ်လ (၁၉) ရက်နေ့တွင် စစ်ကောင်စီရေတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်ကာ သဘောဆိပ်နှင့် မောင်းမကန်ကျေးရွာများကို စစ်ကြောင်းထိုးဝင်ရောက်လာခဲ့သည်။

စစ်ကြောင်းထိုးဝင်ရောက်လာခြင်းကြောင့် သဘောဆိပ်ကျေးရွာ ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

မောင်းမကန်တွင် စစ်ဘေးရှောင်နေသည့် သဘောဆိပ်ဒေသခံများဖြစ်သူ အသက် (၅၀) အရွယ် ဦးတရုတ်ကမ်း၊ အသက် (၄၀) အရွယ် ဦးဖစု၊ ဦးအေးလွင်နှင့် ဇနီးဖြစ်သူ ဒေါ်မီးမီး၊ အသက် (၂၀) အရွယ် ကိုနေထက်လင်းနှင့် အသက် (၃၀) အရွယ် ကိုညီညီဇော်တို့ကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ၎င်းပြင် တဲအိမ်တစ်ခုတွင် နေထိုင်နေသူ မောင်းမကန်ရွာသား (၁) ဦးကိုလည်း စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ကြောင်း ဒေသခံများက ပြောသည်။

"စစ်တပ်က အိမ်တံခါးကို ရိုက်ဖျက်ပြီး ဖမ်းခေါ်သွားတာ။ ခုထိ ပြန်မလွတ်သေးတဲ့အပြင် ဘယ်မှာဖမ်းဖားလဲဆိုတာ မသိရသေးဘူး။ ဆိုင်ကယ် (၅) စီးနဲ့ ကား (၁) စီးကိုလည်း သိမ်းယူသွားတယ် ကြားတယ်" ဟု မောင်းမကန်ဒေသခံတစ်ဦးက ပြောသည်။

ဖမ်းဆီးခေါ်ဆောင်သွားသူများကို တစ်ဦးလျှင် ငွေကျပ် (၁၀) သိန်းဖြင့် စစ်တပ်က လာရောက်ရွေးထုတ်ခိုင်းနေကြောင်း ဒေသခံ သတင်းရင်းမြစ်က ပြောသည်။

ဩဂုတ်လ (၂၄) ရက်နေ့တွင်လည်း စစ်ကြောင်းဝင်ရောက်မှုနှင့် တိုက်ပွဲများကြောင့် လောင်းလုံးမြို့နယ်ရှိ မောင်းမကန်၊ သဘောဆိပ်၊ ပန်းဒပ်အင်း၊ ကျောက်ဆင်နှင့် ကရင်ကြီးကျေးရွာမှ ဒေသခံပြည်သူအချို့ အိုးအိမ်စွန့်ခွာ ထွက်ပြေးနေရသည်။

"ဒီနေ့ (ဩဂုတ်လ (၂၅) ရက်နေ့) မှာတော့ တစ်ရွာလုံးနီးပါး ရှောင်ကုန်ကြတာ။ ပိုက်ဆံရှိတဲ့သူတွေက လောလောဆယ် အဆင်ပြေနေကြပေမဲ့ မရှိတဲ့သူတွေကတော့ စားဖို့တောင် ခက်ခဲနေကြတယ်" ဟု စစ်ဘေးရှောင် မောင်းမကန်ရွာသားတစ်ဦးက ပြောသည်။

စစ်ဘေးရှောင်ပြည်သူအများစုသည် ထားဝယ်မြို့၊ မင်းရပ်၊ ပညစ်၊ ကမြောကင်းနှင့် သောကြာပြင်ကျေးရွာများတွင် ခိုလှုံနေပြီး လောင်းလုံးမြို့နယ်ရှိ အခြားကျေးရွာများသို့လည်း တိမ်းရှောင်နေကြသည်။

"ကျွန်တော်တို့ဆီကို သဘောဆိပ်ရွာသား (၁၈၀) နီးပါးလောက် ရောက်လာတယ်။ မျှော်ရစ်ဘုရားအနီးတဝိုက်မှာ (၃၀) နီးပါးလောက် ရှိတယ်။ အဲမှာက ကလေးတွေ အများကြီးပါလာတော့ အစားအသောက်အတွက် အခက်အခဲရှိနေတယ်" ဟု စစ်ဘေးရှောင်ပြည်သူများကို ကူညီပေးနေသူတစ်ဦးက ပြောသည်။

စစ်ကောင်စီစစ်ကြောင်းသည် မောင်းမကန်ရဲစခန်းနှင့် ကျေးရွာရှိ နေအိမ်တချို့တွင် ယနေ့အချိန်အထိ ဝင်ရောက်တပ်စွဲနေသည်ဟု သိရသည်။

# တောင်စွန်းကျေးရွာမှ စစ်ဘေးရှောင်ပြည်သူ ထက်ဝက်နီးပါး နေရပ်မပြန်နိုင်သေး




ဩဂုတ် ၁၂၊ ၂၀၂၄

၂၀၂၄ ဧပြီလ (၇) ရက်နေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် တောင်စွန်းကျေးရွာတွင် တစ်လနီးပါးအကြာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုတို့ကြောင့် အိမ်ခြေ (၃၀၀) ကျော်မှ ဒေသခံပြည်သူ (၃,၀၀၀) နီးပါး အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

လက်ရှိတွင် တောင်စွန်းကျေးရွာအနီးတဝိုက်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း မြေမြှုပ်မိုင်းအန္တရာယ်ကြောင့် စစ်ရှောင်ပြည်သူထက်ဝက်ခန့်မှာ နေရပ်မပြန်နိုင်သေးချေ။

"ရွာလူဦးရေရဲ့ တစ်ဝက်နီးပါးလောက်ပဲ ပြန်နေသေးတယ်။ တချို့က (စစ်ကောင်စီတပ်ကို) ကြောက်တာရယ်၊ စစ်တပ်, တပ်စွဲခဲ့တဲ့ ဘုန်းကြီးကျောင်းပတ်ပတ်လည်မှာ မိုင်းတွေရှိနေတာကြောင့်ရယ် အဲနားက လူတွေ ပြန်မနေကြတော့ဘူး" ဟု တောင်စွန်းဒေသခံတစ်ဦးက ပြောသည်။

နေရပ်ပြန်လာသည့်ဒေသခံများအနေဖြင့်လည်း စားဝတ်နေရေး အခက်အခဲနှင့် ပြန်လည်ထူထောင်ရေးအကြပ်အတည်းများကို ရင်ဆိုင်ကြုံတွေ့နေရသည်။

"နေအိမ် (၄) လုံးက ဗုံးကြဲခံလိုက်ရလို့ထင်တယ် မီးလောင်ပျက်စီးသွားတယ်။ နေရပ်ပြန်သူတွေ အဓိကကြုံနေရတာတော့ စားဝတ်နေရေးအခက်အခဲပေါ့။ ပျက်စီးသွားတဲ့အိမ်ကိုလည်း ပြန်မပြင်နိုင်သေးဘူး" ဟု နေရပ်ပြန်လာသည့် စစ်ရှောင်အမျိုးသမီးတစ်ဦးက ပြောသည်။

နေရပ်မပြန်နိုင်သေးသည့် စစ်ဘေးရှောင်ပြည်သူများသည် ထီးမောကဲကျေးရွာနှင့် အနီးအနားရှိ တောင်ပေါ်တွင် ယာယီတဲထိုးကာ နေထိုင်နေရကြောင်း သိရသည်။




"ရွာလူဦးရေရဲ့ တစ်ဝက်နီးပါးလောက်ပဲ ပြန်နေသေးတယ်။ တချို့က စစ်ကောင်စီတပ်ကို ကြောက်တာရယ်၊ စစ်တပ် တပ်စွဲခဲ့တဲ့ဘုန်းကြီးကျောင်းပတ်ပတ်လည်မှာ မိုင်းတွေရှိနေတာကြောင့်ရယ် အဲနားက လူတွေ ပြန်မနေကြတော့ဘူး"

# ကျိုက်ထိုတွင် စစ်မှုထမ်းအမည်စာရင်းပါသူများဟုဆိုကာ လူငယ်များကို စစ်ကောင်စီက လိုက်လံဖမ်းဆီးနေ



ဩဂုတ် ၁၂၊ ၂၀၂၄

၂၀၂၄ ဩဂုတ်လ ပထမအပတ်မှစ၍ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် စစ်မှုထမ်းရမည့်စာရင်းတွင် ပါဝင်နေသည်ဟုဆိုကာ စစ်ကောင်စီက လူငယ်များကို လိုက်လံဖမ်းဆီးနေသဖြင့် အများအပြားမှာ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရသည်။

"စစ်မှုထမ်းမဲပေါက်တယ်ဆိုပြီး လိုက်ခေါ်နေတာ။ ကျွန်တော်တို့ရပ်ကွက်မှာဆိုရင် (၄) ယောက်လောက် ရှိတယ်။ သူတို့လာခေါ်တော့ ဘယ်သူမှ မရှိဘူး။ အကုန်လုံး ပြေးကြတာပေါ့" ဟု ကျိုက်ထိုမြို့ခံတစ်ဦးက ပြောသည်။

စစ်ကောင်စီ၏ လိုက်လံဖမ်းဆီးမှုကြောင့် ကျိုက်ထိုမြို့ပေါ်မှ ရပ်ကွက် (၆) ခုနှင့် အနီးအနားကျေးရွာများမှ လူငယ်များသည် သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေနှင့် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားကြသည်ဟု ဆိုသည်။

"အခုလိုဖြစ်နေတော့ ရပ်ကွက်ထဲမှာ လူငယ်တွေ မရှိတော့ဘူး။ KNU ထဲ ဝင်သွားတာ ရှိတယ်။ ထိုင်းဘက်ခြမ်း ပြေးတာလည်း ရှိတယ်။ တချို့ကျတော့ ပင်လယ်ထဲသွားပြီး ပြန်မလာကြတော့ဘူး" ဟု အခြားကျိုက်ထိုဒေသခံတစ်ဦးက ပြောသည်။

စစ်သင်တန်းဆင်းခါစ လူငယ်များကို လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ ရှေ့တန်းစစ်မျက်နှာပြင်သို့ ပို့ဆောင်နေသဖြင့် မည်သူမျှ စစ်ထဲသို့ ဝင်ရောက်လိုခြင်း မရှိတော့ကြောင်း သိရသည်။

လက်ရှိတွင် စစ်မှုထမ်းအပတ်စဉ် (၄) အတွက် သင်တန်းသား (၁၀၀) ကျော်ကို မော်လမြိုင်အခြေစိုက် အရှေ့တောင်တိုင်း စစ်ဌာနချုပ်တွင် စုဆောင်းထားကြောင်း မွန်လူထုအသံက သတင်းရရှိထားသည်။

# ကြာအင်းဆိပ်ကြီးမြို့နယ်တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ (၁၄) ဦး သေဆုံး



**ဩဂုတ် ၉၊ ၂၀၂၄**

၂၀၂၄ ဇူလိုင်လ (၂၉) ရက်နေ့တွင် စစ်ကောင်စီက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဒါလီကျေးရွာအုပ်စု ကျော်ကေအိုဒေသကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အရပ်သားပြည်သူ (၁၄) ဦး သေဆုံးပြီး (၄) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့အစည်း စည်းရုံးလှုံ့ဆော်ရေးတာဝန်ခံ စောနန္ဒဆူးက ပြောသည်။

စစ်ကောင်စီက ပေါင် (၅၀၀) ဗုံး ကြဲချတိုက်ခိုက်ခဲ့ခြင်း ဖြစ်ပြီး အဆိုပါဗုံးသည် ဘုန်းတော်ကြီးကျောင်းအနီးတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ ပေါက်ကွဲမှုကြောင့် အမျိုးသား (၅) ဦးနှင့် အမျိုးသမီး (၉) ဦး သေဆုံးခဲ့ပြီး (၄) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

"ဘုန်းကြီးကျောင်း ထမင်းချက်ရုံတစ်ခုလုံး ပျက်စီးသွားတယ်။ တိုက်ပွဲလည်းမရှိဘဲနဲ့ လေကြောင်းတိုက်ခိုက်မှု အကြောင်းမဲ့လုပ်ခဲ့တာပါ" ဟု စောနန္ဒဆူးက ပြောသည်။

ထိခိုက်ဒဏ်ရာရရှိသူများကို ကရင်အမျိုးသားအစည်းအရုံး ဒူးပလာယာခရိုင် ဝင်းရေးမြို့နယ်ရှိ ဆေးရုံသို့ ပို့ဆောင်ထားကြောင်း ကရင်လူ့အခွင့်အရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

"၂၀၂၁ ခုနှစ်ကစပြီး လေကြောင်းတိုက်ခိုက်မှုက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ တောက်လျှောက်ဖြစ်နေတာ။ အပြစ်မဲ့ပြည်သူတွေ အများအပြားထိခိုက်သေဆုံးခဲ့ရတယ်" ဟု အဆိုပါတာဝန်ခံက ဆက်ပြောသည်။

ပြီးခဲ့သည့်ဇူလိုင်လ (၁၉) ရက်နေ့တွင်လည်း မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ငပုအင်းရွာသစ်ရှိ ဘုန်းတော်ကြီးကျောင်းကို စစ်ကောင်စီက ပေါင် (၅၀၀) ဗုံးဖြင့် ကြဲချတိုက်ခိုက်ခဲ့သဖြင့် အရပ်သားပြည်သူ (၂၀) ကျော်နှင့် တော်လှန်ရေးရဲဘော် (၁၀) ဦး သေဆုံးခဲ့သည်။

# ချောင်းဆုံတွင် စစ်မှုထမ်းသင်တန်းသား ထောက်ပံ့ရန်ဟုဆိုကာ လစဉ်ငွေကြေးကောက်ခံနေ

ဩဂုတ်လ ၁၉၊ ၂၀၂၄

၂၀၂၄ မေလမှစတင်ပြီး ချောင်းဆုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး ဦးဇော်ဝင်းနိုင်ဝင်း၏ ညွှန်ကြားချက်အရ စစ်မှုထမ်းရန် စစ်သင်တန်းတက်ရောက်နေသည့် သင်တန်းသားများကို ထောက်ပံ့ရန်အတွက်ဟုဆိုကာ မွန်ပြည်နယ် ချောင်းမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာတချို့တွင် တစ်အိမ်လျှင် (၁၀,၀၀၀) ကျပ် လစဉ်ငွေကြေး ကောက်ခံနေကြောင်း ဒေသခံများက ပြောသည်။




"ဦးစီးမှူးကိုယ်တိုင်ညွှန်ကြားလာတာ လို့ ပြောပြီး မဖြစ်မနေထည့်ခိုင်းတယ်။ အသိရွာတစ်ရွာမှာတော့ တစ်အိမ်ကို (၁၀,၀၀၀) ကောက်နေ အခုဆို (၃) လလောက် ရှိနေပြီ" ဟု ချောင်းဆုံမြို့နယ် ဒေသခံတစ်ဦးက ပြောသည်။

စစ်မှုထမ်းသင်တန်းသည် ယခုအခါတွင် အပတ်စဉ် (၄) ခုအထိ ရှိလာပြီး ချောင်းဆုံမြို့နယ်က သင်တန်းသားအများဆုံး ပေးပို့ထားသည်။

> "ဦးစီးမှူးကိုယ်တိုင်ညွှန်ကြားလာတာ လို့ ပြောပြီး မဖြစ်မနေထည့်ခိုင်းတယ်။ အသိရွာတစ်ရွာမှာတော့ တစ်အိမ်ကို ၁၀၀၀၀ ကောက်နေ အခုဆို ၃ လလောက် ရှိနေပြီ

"အပတ်စဉ် (၁) နဲ့ (၂) မှာ ချောင်းဆုံဘက် အများဆုံးပဲ။ ပြည်နယ်ဝန်ကြီးချုပ်ကလည်း ဒီမြို့နယ်က ဖြစ်နေတော့ စစ်မှုထမ်းသင်တန်းတက်ဖို့ ဖိအားပေးနေတာ" ဟု စစ်ကောင်စီနှင့်နီးစပ်သူတစ်ဦးက ပြောသည်။

၎င်းပြင် အသက် (၁၈) နှစ်ပြည့်ပြီးဖြစ်သူ လူငယ်လူရွယ်များရှိသည့် အိမ်ထောင်စုများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေထုတ်ပြန်သည့် ၂၀၂၄ ဖေဖော်ဝါရီလ (၁၀) ရက်နေ့ကတည်းက စစ်မှုထမ်းအတွက် လူငှားရန်ဟုဆိုကာ တစ်အိမ်လျှင် ငွေကျပ် (၈,၀၀၀) မှ (၁၀,၀၀၀) အထိ လစဉ် ပေးဆောင်နေရကြောင်း မွန်လူထုအသံက သိရှိထားသည်။

မွန်ပြည်နယ်တွင် ရပ်ကွက်နှင့် ကျေးရွာပေါင်း (၁,၁၀၀) ကျော် ရှိပြီး စစ်မှုထမ်းအပတ်စဉ် (၁) ခုစီအတွက် တစ်ရွာလျှင် သင်တန်းသား (၁) ယောက်နှုန်း မဖြစ်မနေ ရှာဖွေစုဆောင်းပေးရန် စစ်ကောင်စီက ရပ်ကျေးအုပ်ချုပ်ရေးမှူးများကို ဖိအားပေးညွှန်ကြားထားသည်။

# စစ်တပ်ပစ်ခတ်မှုကြောင့် ထွက်ပြေးလာစဉ် ယာဉ်တိုက်မှုဖြစ်ပြီး လူငယ်တစ်ဦး သေဆုံး

ဩဂုတ် ၁၁၊ ၂၀၂၄

၂၀၂၄ ဩဂုတ်လ (၈) ရက်နေ့ ည (၈) နာရီအချိန်ခန့်တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် မွန်ပြည်နယ် သထုံမြို့ရှေ့ စာရံဘုရားအနီးတွင် ပိတ်ဆို့စစ်ဆေးနေစဉ် ဆိုင်ကယ်စီးနင်းလာသည့်လူငယ်တစ်ဦးသည် စစ်ဆေးမှုကို ရှောင်လွှဲလိုသဖြင့် နောက်ကြောင်းပြန်လှည့်မောင်းနှင်ခဲ့သည်။



စစ်ကောင်စီတပ်က သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီး ပစ်ခတ်မှုကြောင့် လူငယ်သည် တစ်ဖက်ယာဉ်ကြောမှမောင်းနှင်လာသည့် ဆိုင်ကယ်နှင့် တိုက်မိခဲ့သည်။ ထို့နောက် ကုန်တင်ယာဉ်အောက်သို့ လွင့်စင်သွားကာ သေဆုံးခဲ့သည်ဟု သိရသည်။

**"ဒီကောင်လေးက ဇလီလမ်းကနေ မောင်းလာတာ။ ဘုရားအဝိုင်းအနီးမှာ စစ်နေတာ တွေ့ပြီး ပြန်လှည့်မောင်းတဲ့အချိန် အပစ်ခံရတာ။ အဲမှာ နောက်ဆိုင်ကယ်တစ်စီးနဲ့ တိုက်မိပြီး ကားအောက်ရောက်သွားတာ"** ဟု သထုံဒေသခံတစ်ဦးက ပြောသည်။


သေဆုံးခဲ့သည့်လူငယ်သည် သထုံမြို့နယ် ဂေါ့ကျေးရွာမှ ဖြစ်ပြီး ၎င်းနှင့်ဆိုင်ကယ်ချင်းတိုက်မိသည့် အသက် (၂၀) အရွယ်လူငယ်သည် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် သထုံခရိုင်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသည်။

ယခုရက်ပိုင်းတွင် သထုံမြို့ပေါ်၌ စစ်ကောင်စီတပ်က လူစည်ကားရာနေရာများနှင့် လမ်းဆုံလမ်းခွများတွင် ပိတ်ဆို့စစ်ဆေးနေပြီး **"အမျိုးသား (၂) ဦး ဆိုင်ကယ်အတူမစီးရ"** အမိန့်ကိုလည်း ထုတ်ပြန်ထားသည်။

“

**ဒီကောင်လေးက ဇလီလမ်းကနေ မောင်းလာတာ။ ဘုရားအဝိုင်းအနီးမှာ စစ်နေတာ တွေ့ပြီး ပြန်လှည့်မောင်းတဲ့အချိန် အပစ်ခံရတာ။ အဲမှာ နောက်ဆိုင်ကယ်တစ်စီးနဲ့ တိုက်မိပြီး ကားအောက်ရောက်သွားတာ**


# ၂၀၂၄ ဩဂုတ်လအတွင်း မွန်, ကရင်, တနင်္သာရီတိုင်းအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်




Killing& Disappearance (10) cases, Arrest Torture –(9) Cases, Injured –(10)Cases, Forced Relocation- (7) Cases, Property Destruction- (12) Cases, Extortion – (6) Cases , Landmine – (2) Cases, Livelihood – (24) Cases,Freedom of Expression/Movement –(2) Cases, Women and Child- (20) Cases, Rule of Law- (3) Cases, Other-(3) Cases

# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု၊ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်

ဇန်နဝါရီလ မှ ဩဂုတ်လအထိ ၂၀၂၄






မွန်ပြည်နယ် - 6 ကြိမ်

ကရင်ပြည်နယ် - ၁ ကြိမ်

တနင်္သာရီတိုင်းဒေသ -၄ ကြိမ်

## မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်



# လောင်းလုံးပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ယာဉ်ပိုင်ရှင်များထံမှ ငွေကြေးတောင်းခံ

**ဇူလိုင် ၃၁၊ ၂၀၂၄**

၂၀၂၄ ဇူလိုင်လ စတုတ္ထအပတ်မှစ၍ လောင်းလုံးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က တနင်္သာရီတိုင်း ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်ရှိ ကျေးရွာတစ်ခုမှ ယာဉ်ပိုင်ရှင်များထံမှ ငွေကြေးတောင်းခံမှုများ ပြုလုပ်နေကြောင်း သိရသည်။

ဇွန်လ (၃) ရက်နေ့တွင် လောင်းလုံးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က အဆိုပါကျေးရွာများမှ ဒေသခံပြည်သူများကို အစည်းအဝေး (၂) ကြိမ် ခေါ်ယူခဲ့ပြီး အိမ်စီးကား၊ စပါးရိတ်သိမ်းခြွေလှေ့စက်၊ လယ်ထွန်စက်နှင့် သုံးဘီးဆိုင်ကယ်စသည့် ပိုင်ဆိုင်သည့်ယာဉ်အမျိုးအစားအပေါ်မူတည်၍ ငွေကျပ် (၁) သိန်းမှ (၅) သိန်းအထိ ပေးဆောင်ရမည်ဟု ပြောဆိုခဲ့သည်။

**"(ပကဖ)က ကားဝယ်ဖို့ ငွေလိုတဲ့အတွက် အရင်ဦးဆုံး သူတို့နဲ့ရင်းနှီးတဲ့ကားသမားတွေကို အစည်းအဝေးခေါ်တယ်။ လိုတဲ့ငွေက များနေတော့ ရွာမှာရှိတဲ့ယာဉ်ပိုင်ရှင်တွေ အကုန်လုံးကို နောက်ထပ်အစည်းအဝေး ထပ်ခေါ်တယ်။ ပြီးတော့ ယာဉ်အမျိုးအစားအပေါ်မူတည်ပြီး ပိုက်ဆံထည့်ရမယ်ဆိုပြီး သတ်မှတ်လိုက်တယ်"** ဟု လောင်းလုံးမြို့နယ်မှ ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

သုံးဘီး (၁) စီးလျှင် ငွေကျပ် (၁၅၀,၀၀၀)၊ လယ်ထွန်စက် (၁) စီးလျှင် (၂) သိန်း၊ အိမ်စီးကား (၁) စီးလျှင် (၃) သိန်းနှင့် ရိတ်သိမ်းခြွေလှေ့စက် (၁) စီးလျှင် ငွေကျပ် (၅) သိန်း ပေးရန် သတ်မှတ်ထားသည်။

ရိတ်သိမ်းခြွေလှေ့စက်နှင့် လယ်ထွန်စက် (၂) စီးစလုံး ပိုင်ဆိုင်ထားသည့် ရွာသားများအနေဖြင့် ငွေကျပ် (၇) သိန်းအထိ ပေးနေရပြီး သတ်မှတ်ပမာဏကို မပေးချေနိုင်သည့်ရွာသားများလည်း ရှိနေသည်။




**"တချို့က မပေးချင်ပေမဲ့ (ပကဖ)ကိုကြောက်လို့ ရသလိုရှာပြီး ပေးနေရတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ယာဉ်ပိုင်ရှင်များထံမှ ထိုသို့ငွေကြေးတောင်းခံပြီးနောက် ကုန်စုံဆိုင်ပိုင်ရှင်များနှင့် ဆိုင်ကယ်ပိုင်ဆိုင်သည့်ပြည်သူများကလည်း နောက်ပိုင်းတွင် ၎င်းတို့ထံမှ ငွေကြေးကောက်ခံလာမည်ကို စိုးရိမ်နေကြသည်။

**"သူတို့ကို ပိုက်ဆံပေးနေတာ စစ်တပ်က သိရင်လည်း တစ်ခုခုလုပ်မှာ စိုးရိမ်တယ်။ ပြည်သူတွေကတော့ (၂) ဖက်စလုံးကို ကြောက်နေရတယ်"** ဟု အခြားဒေသခံတစ်ဦးက ပြောသည်။

> “
> 
> **သူတို့ကို ပိုက်ဆံပေးနေတာ စစ်တပ်က သိရင်လည်း တစ်ခုခုလုပ်မှာ စိုးရိမ်တယ်။ ပြည်သူတွေကတော့ ၂ ဖက်စလုံးကို ကြောက်နေရတယ်**

# မောင်မယ်ရှောင်တွင် စစ်ရှောင်အမျိုးသမီးတစ်ဦး မြေမြှုပ်မိုင်းနင်းမိ

ဩဂုတ် ၁၆၊ ၂၀၂၄

၂၀၂၄ ဩဂုတ်လ (၁၄) ရက်နေ့တွင် တနင်္သာရီတိုင်း ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာမှ အသက် (၁၈) နှစ်အရွယ် မိဂန်းသည် စစ်ဘေးရှောင်ရာမှ နေအိမ်သို့ အဝတ်အစားနှင့် စားနပ်ရိက္ခာများ ယူဆောင်ရန်ပြန်လာစဉ် ရွာအရှေ့ပိုင်းရှိသံတံတားအနီးတွင် စစ်ကောင်စီကထောင်ထားသည့် မြေမြှုပ်မိုင်းနင်းမိခဲ့ကြောင်း သိရသည်။

“ယူပြီး ပြန်ထွက်လာမှ နင်းမိတာ။ အခုဖြစ်တာက သူတို့အိမ်နားတပိုက်မှာပဲ။ ခြေထောက်က ဖြတ်ရဖို့များတယ်တဲ့။ အခုတော့ ထားဝယ်ပြည်သူ့ဆေးရုံမှာ ဆေးကုနေတယ်” ဟု မောင်မယ်ရှောင်မှ အမျိုးသမီးတစ်ဦးက ပြောသည်။






မောင်မယ်ရှောင်ကျေးရွာတွင် စစ်ကောင်စီတပ်သားများဝင်ရောက်တပ်စွဲနေခြင်းကြောင့် မိဂန်းတို့မိသားစုသည် ဥယျာဉ်ခြံတွင် စစ်ဘေးရှောင်နေကြပြီး ယနေ့အချိန်အထိ နေရပ်မပြန်နိုင်သေးချေ။


စစ်ဘေးရှောင်များ၏နေအိမ်ကို စစ်ကောင်စီတပ်သားများက ဖောက်ထွင်းပြီး အဖိုးတန်ပစ္စည်းများကို လုယက်နေသကဲ့သို့ နေအိမ်အလုံး (၂၀) ကျော်ကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။

စစ်ကြောင်းထိုးခြင်းနှင့် ကျေးရွာတွင်ဝင်ရောက်တပ်စွဲခြင်းတို့ကြောင့် မောင်မယ်ရှောင်ကျေးရွာမှ ဒေသခံပြည်သူများသည် ၂၀၂၄ ဇူလိုင်လဆန်းမှစ၍ ရွာလုံးကျွတ်ထွက်ပြေးတိမ်းရှောင်နေရသည်။

“


ယူပြီး ပြန်ထွက်လာမှ နင်းမိတာ။ အခုဖြစ်တာက သူတို့အိမ်နားတပိုက်မှာပဲ။ ခြေထောက်က ဖြတ်ရဖို့များတယ်တဲ့။ အခုတော့ ထားဝယ်ပြည်သူ့ဆေးရုံမှာ ဆေးကုနေတယ်

# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ (၈) လအတွင်း ဖမ်းဆီးမှု၊ ချုပ်နှောင်မှု ၊ ဒဏ်ရာအနာတရ ရရှိမှု နှင့် သတ်ဖြတ်မှု အရေအတွက်




| | Arrested - | Deatined | Injured | Killed | Total |
|---|---|---|---|---|---|
| ■ | 595 | 399 | 592 | 248 | 1834 |

## ၂၀၂၄ ဇန်နဝါရီလ မှ ဩဂုတ်လအတွင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း




ဒဏ်ရာအနာတရ ရရှိသူ (၁၃၀) ဦး၊ သေဆုံးသူ(၅၀)ဦး၊ အမျိုးသမီး(၇၀)ဦး၊အမျိုးသား(၇၁)ဦး၊ ကလေးသူငယ်(၃၉)ဦး

# သံဖြူဇရပ်တွင် စစ်ကောင်စီ၏လက်နက်ကြီးကြောင့် ခြံလုပ်သားမိသားစု ထိခိုက်သေဆုံး



**ဩဂုတ် ၁၇၊ ၂၀၂၄**

၂၀၂၄ ဩဂုတ်လ (၁၅) နှင့် (၁၆) ရက်နေ့များတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်းပေါ်ရှိ နိုင်ခွေနှင့် မိယိမ်းတို့ တည်ထောင်ထားသည့် ရွာသစ်အနီးတွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။

ဝဲကလိအခြေစိုက် အမှတ် (၃၁၅) အမြောက်တပ်ရင်းက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ နိုင်ကျော်စိန်၏ရာဘာခြံအတွင်းရှိ တဲအိမ်တစ်လုံးကို လက်နက်ကြီးထိမှန်ပြီး ခြံလုပ်သားမိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ကြောင်း သိရသည်။

"နိုင်ကျော်စိန်ခြံထဲကို လက်နက်ကြီး (၁) လုံး တည့်တည့်ကျတယ်။ (၆) ယောက် ထိခိုက်သွားတယ်။ ယောကျ်ားဖြစ်သူကတော့ ပွဲချင်းပြီးပဲ။ မိန်းမကလည်း ဒဏ်ရာပြင်းတယ်။ ကလေးတွေလည်း ထိထားတာ မနည်းဘူး။ ဒဏ်ရာများတဲ့သူတွေကိုတော့ မော်လမြိုင်ဆေးရုံကို ပို့လိုက်တယ်။ ဒဏ်ရာနည်းနည်း၊ နည်းတဲ့သူတွေကိုတော့ သံဖြူဇရပ်ဆေးရုံးကို ပို့ထားတယ်" ဟု အနီးအနားခြံမှ ခြံရှင်တစ်ဦးက ပြောသည်။

သေဆုံးခဲ့သူမှာ အသက် (၅၀) နှစ်အရွယ် နိုင်အောင်မြင့်ဆိုသူ ခြံလုပ်သားတစ်ဦး ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သူ ၎င်း၏ကလေးများမှာလည်း အသက် (၂) နှစ်မှ (၅) နှစ်အတွင်းသာ ရှိကြသည်။

၂၀၂၄ ဩဂုတ်လဆန်းပိုင်းမှစ၍ စစ်ကောင်စီတပ်က သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်းတစ်လျှောက် စစ်ကြောင်းထိုးနေပြီး ဒေသခံတော်လှန်ရေးအင်အားစုများနှင့် တိုက်ပွဲဖြစ်ပွားနေသည်။ အနီးအနားခြံများမှ ခြံလုပ်သားများသည် ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်နေရသည်။

"အဲနောက်ပိုင်း အနီးအနားကခြံသမားတွေ ဘယ်သူမှ ခြံမသွားရဲတော့ဘူး။ အဲမှာနေ,နေတဲ့သူတွေလည်း အကုန်ထွက်ပြေးကုန်ပြီ" ဟု ခြံပိုင်ရှင်တစ်ဦးက ပြောသည်။

တိုက်ပွဲဖြစ်ပြီးတိုင်း သံဖြူဇရပ်မြို့နယ် ဝဲကလိအခြေစိုက် အမှတ် (၃၁၅) အမြောက်တပ်ရင်းနှင့် ရေးမြို့နယ် မော့ကနင်အခြေစိုက် အမှတ် (၃၁၇) အမြောက်တပ်ရင်းတို့က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်လေ့ရှိပြီး ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ထိခိုက်သေဆုံးမှုများ ရှိနေသည်။

"ဝဲခမိဘက်မှာ ဗမာစစ်သားတွေ ပြည့်နေတာပဲ။ ကြည့်ရတာ တိုက်ပွဲကြီးကြီးမားမား ဖြစ်ဖို့ရှိမယ်ထင်တယ်။ ဒီတစ်ရက်နှစ်ရက်အထိ ဆက်ပစ်နေကြမယ်ဆိုရင် ခြံသမားတွေ လုပ်စားလို့ မရတော့ဘူး" ဟု ဝဲခမိကျေးရွာမှ ခြံပိုင်ရှင်တစ်ဦးက ပြောသည်။

# လောင်းလုံးတွင် အမျိုးသမီးတစ်ဦးကို ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့က ရိုက်နှက်

ဩဂုတ် ၅၊ ၂၀၂၄

၂၀၂၄ ဇူလိုင်လ (၁၉) ရက်နေ့တွင် တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် သဘော့ဆိပ်ကျေးရွာမှ သက်ကြီးပိုင်းအမျိုးသမီးတစ်ဦးကို လောင်းလုံးမြို့နယ်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ဝါးလုံးဖြင့်ရိုက်နှက်ခဲ့ကြောင်း သိရသည်။

အဆိုပါအမျိုးသမီးလင်မယားကို ကြံ့ခိုင်ရေးပါတီ အားပေးထောက်ခံသူ ဒလန်များဟုဆိုကာ ၂၀၂၃ ဒီဇင်ဘာလကတည်းက ကျေးရွာမှ နှင်ထုတ်ခဲ့သည်။

နှင်ထုတ်ပြီး (၈) လအကြာတွင် နေအိမ်သို့ပြန်လည်နေထိုင်သည်ဟုဆိုကာ လောင်းလုံးပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ဇုန် (၁) တပ်ဖွဲ့ခေါင်းဆောင် ကိုစိုးစိုးက အမျိုးသမီးဖြစ်သူကို ဝါးရင်းတုတ်ဖြင့် ရိုက်နှက်ခဲ့သည်ဟု မိသားစုဝင်တစ်ဦးက ပြောသည်။

"အဖေ့ကို ကြံ့ခိုင်ရေးပါတီအားပေးလို့ ဒလန်လို့စွပ်စွဲပြီး နှင်ထုတ်ထားတာ (၈) လ ရှိပြီ။ အဲဒါကို အိမ်ပြန်ရောက်နေတယ်ဆိုပြီး ဆိုင်ကယ် (၂) စီးနဲ့ လူ (၄) ယောက် ရောက်လာပြီး အမေ့ကို ဝါးရင်းတုတ်နဲ့ ရိုက်တယ်။ အဖေ့ကိုလည်း ရိုက်ဖို့ လုပ်သေးတယ်" ဟု သမီးဖြစ်သူက ပြောသည်။

ရိုက်နှက်မှုကြောင့် အမျိုးသမီးသည် တင်ပါးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တရားမျှတမှုရရှိရန်အတွက် တာဝန်ခံများထံ တိုင်ကြားထားကြောင်း သိရသည်။

"ကိုယ့်အိမ်ပဲ ပြန်နေချင်မှာပေါ့။ နှင်ထုတ်တဲ့အပြင် အမေ့ကိုလည်း အဲလိုမျိုးရိုက်တဲ့အတွက် လုံးဝကို မကျေနပ်ဘူး" ဟု သမီးဖြစ်သူက ဆက်ပြောသည်။

ပြီးခဲ့သည့်ဇူလိုင်လကည်း ရေဖြူရွာမှ အမျိုးသား (၂) ဦးကို ပိုက်ဆံခိုးသည်ဟုဆိုကာ လောင်းလုံးပကဖက ဖမ်းဆီးသွားပြီး ကျေးရွာရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကိုလည်း အတင်းအကြပ်ပိတ်သိမ်းခဲ့သည်။

၎င်းပြင် အဖြစ်အပျက်ကို သတင်းရေးသားသည့် သတင်းထောက်တစ်ဦးကိုလည်း ဖိအားပေးပြောဆိုခဲ့ကြောင်း မွန်လူထုအသံက သိရှိထားသည်။

"ပကဖ တာဝန်ခံနဲ့ ဒုတာဝန်ခံက ဖုန်းဆက်ပြီး သတင်းကို ဖျက်ပေးဖို့ ဖိအားပေးပြောတာ။ ကျွန်တော်က လက်မခံတော့ ပုဂ္ဂိုလ်ရေးအရ အကူအညီတောင်းတာပါဆိုပြီး ထပ်ပြောတော့ ကျွန်တော်က ဖျက်ပေးလိုက်ရတယ်။ နောက်ပိုင်း သူတို့က အဖွဲ့အစည်းတစ်ခုကို ကျွန်တော့်ကို စောင့်ကြည့်ခိုင်းထားတယ်။ အမှားမလုပ်ထားတဲ့အတွက် မရှောင်ဘူး" ဟု အဆိုပါသတင်းထောက်က ပြောသည်။

လောင်းလုံးပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့သည် အမျိုးသားညီညွတ်ရေးအစိုးရလက်အောက်ခံ လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့တစ်ခု ဖြစ်ပြီး လောင်းလုံးမြို့နယ်တွင် စစ်ရေးလှုပ်ရှားနေသည်။ ၎င်းတပ်ဖွဲ့သည် ဒေသခံပြည်သူများထံမှ ငွေကြေးတောင်းခံမှုများလည်း ပြုလုပ်နေကြောင်း သိရသည်။

# မွန်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် ဩဂုတ်လ ၂၀၂၄

## Kyike Hto Township (4) cases

1. Pursues and Arrested
2. Artillery attack and injured
3. Killed
4. Artillery attack and killed

## Mawlamyine Township

- Shortage of gasoline

## Chaung Zone Township


1.Extorting money

## Mudon Township

- Face hardship
- Arrested and reinforced military

## Thanbyuzayat Township

1. Artillery Attack and injured
2. Fled home and IDP




## Bilin Township

1. Die in Floods
2. Artillery explosion and injured (2) times

## Kyikemayaw Township

1. Economic issue

## Paung Township

1. Extorting money

## Thaton Township

1. Sealed and seized
2. Shot and killed
3. seizes and seals

## Ye Township(8) cases

1. Artillery Attack and injured
2. Extort money (2) Times
3. Checking household lists
4. Fled home and IDP
5. Cutoff telecommunication
6. Fail to respond
7. livelihood challenges

# ကရင်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

ဩဂုတ်လ ၂၀၂၄




## Kaw Ka Rate Township


1. Flooding
2. Artillery Attack and killed

## Kyarinnseikyi Township

1. Air Assault and killed
2. Unable to return
3. Artillery and air assaults
4. Arrested overseas worker
5. Air assaults and burn down the house

# တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက်

## ဩဂုတ်လ ၂၀၂၄




### Dawei Township

1. **Burn Down House**
2. **landmine and injure**
3. **Artillery explosion and killed**

### Long Lone Township

1. **Extort Money**
2. **Beaten**
3. **Artillery attack and injured**
4. **Arrested**

### Pu law Township

1. **Artillery Attack and killed (2) times**
2. **Artillery explosion & Injured**

### Kaw Thong Town

**1.Arrested Burmese worker**

### Yebyu Township (5) Cases

1. Artillery Attack and injured
2. Arrested
3. Arrested and extort
4. Need help to restore (IDPs)
5. Arrested

### Tha Yet Chaung Township

1. **Cutoff telecommunication**


### Tenasserim Township


1. **Flooding**
2. **Burn Down house**

# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း

## စစ်ဘေးဒုက္ခသည် ၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်


## ၂၀၂၄ ဩဂုတ်လ





**စစ်ဘေးဒုက္ခသည်= (၇၁၀၀) ဦး**


**ဒဏ်ရာအနာတရ = (၂၂) ဦး ၊ သတ်ဖြတ်မှု = (၁၇) ဦး**





**စစ်ဘေးဒုက္ခသည်= (၁၁၅၀၀) ဦး**

**ဒဏ်ရာအနာတရ = (၂၅) ဦး ၊ သတ်ဖြတ်မှု = (၉) ဦး**




**စစ်ဘေးဒုက္ခသည်= (၁၄၀၀၀) ဦး**

**ဒဏ်ရာအနာတရ = (၃၁) ဦး ၊ သတ်ဖြတ်မှု = (၁၆) ဦး**

# သထုံဒေသခံတစ်ဦး၏နေအိမ်နှင့် လက်ဖက်ရည်ဆိုင်ကို စစ်ကောင်စီ ချိပ်ပိတ်




ဩဂုတ် ၁၉၊ ၂၀၂၄

၂၀၂၄ ဩဂုတ်လ (၁၅) ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ အသက် (၄၁) နှစ်အရွယ် ဦးချစ်လင်းနိုင်၏ နေအိမ်နှင့် လက်ဖက်ရည်ဆိုင်ကို စစ်ကောင်စီပူးပေါင်းတပ်ဖွဲ့က လာရောက်ချိပ်ပိတ်ခဲ့ကြောင်း ဒေသခံများက ပြောသည်။

ဦးချစ်လင်းနိုင်ကိုမူ ပြီးခဲ့သည့်ဇူလိုင်လ (၁၀) ရက်နေ့ကတည်းကပင် စစ်ကောင်စီက ဖမ်းဆီးသွားပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည) နှင့် ၅၂ (က) တို့ဖြင့် အမှုဖွင့်ထားသည်။

"လက်ဖက်ရည်ဆိုင်ချိပ်ပိတ်တဲ့နေ့ကဆိုရင် ရဲနဲ့စစ်သားတွေ အများကြီးပဲ။ သူတို့ရောက်လာတော့ အားလုံးက စိုးရိမ်ကြတာပေါ့။ သူ့မိသားစုကတော့ သူ အဖမ်းခံရတဲ့နေ့ကတည်းက အိမ်ပြောင်းသွားကြပြီ။ ဆိုင်မှာ ဘယ်သူမှ မရှိတော့ဘူး" ဟု သထုံမြို့ခံတစ်ဦးက ပြောသည်။

ဦးချစ်လင်းနိုင်သည် သထုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်သူ၏ ညီအရင်းဖြစ်ပြီး အစ်ကိုဖြစ်သူနှင့် ပူးပေါင်းကာ အကြမ်းဖက်မှုများ လုပ်ဆောင်နေသည်ဟု စစ်ကောင်စီက စွပ်စွဲထားသည်။

အစ်ကိုဖြစ်သူဦးအောင်ကျော်သူ၏ နေအိမ်ကိုလည်း စစ်ကောင်စီက ၂၀၂၂ ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် ချိပ်ပိတ်သိမ်းယူခဲ့ပြီး ဖြစ်သည်။

သထုံမြို့နယ် ကျိုက္ကော်အုပ်ချုပ်ရေးမှူးဦးအေးစိုး၏ နေအိမ်ကိုလည်း စစ်ကောင်စီက ဩဂုတ်လ (၁) ရက်နေ့တွင် ချိပ်ပိတ်ခဲ့သည်။ ၎င်းသည် ဦးချစ်လင်းနိုင်နှင့် တရက်တည်းတွင် ဖမ်းဆီးခံခဲ့ရသူ ဖြစ်သည်။

အာဏာသိမ်းစဉ်ကာလအတွင်း သထုံမြို့နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်နှင့် တက်ကြွလှုပ်ရှားသူများ၏ နေအိမ်အလုံး (၂၀) ထက်မနည်းကို စစ်ကောင်စီက ချိပ်ပိတ်သိမ်းယူခဲ့သည်။

"

လက်ဖက်ရည်ဆိုင်ချိပ်ပိတ်တဲ့နေ့ကဆိုရင် ရဲနဲ့စစ်သားတွေ အများကြီးပဲ။ သူတို့ရောက်လာတော့ အားလုံးက စိုးရိမ်ကြတာပေါ့။ သူ့မိသားစုကတော့ သူ အဖမ်းခံရတဲ့နေ့ကတည်းက အိမ်ပြောင်းသွားကြပြီ။ ဆိုင်မှာ ဘယ်သူမှ မရှိတော့ဘူး

# ကော့သောင်းသို့ပြန်ပို့ခံရသည့် မြန်မာလုပ်သား (၂၅) ဦး ကို စစ်ကောင်စီက စစ်မှုထမ်းရန်ဖမ်းဆီး



**ဩဂုတ် ၁၃၊ ၂၀၂၄**

၂၀၂၄ ဇူလိုင်လ (၃၀) ရက်နေ့တွင် တရားမဝင်,ဝင်ရောက်ခြင်းကြောင့် ဖမ်းဆီးချုပ်နှောင်ခံရကာ ပြစ်ဒဏ်ကျခံပြီး၍ ပြန်လည်လွတ်မြောက်လာသည့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်သား (၁၅၂) ဦးကို ထိုင်းအာဏာပိုင်များက တနင်္သာရီတိုင်း ကော့သောင်းမြို့လေ့ဆိပ်သို့ ပြန်လည်ပို့ဆောင်ခဲ့သည်။

အဆိုပါလုပ်သားများအနက်မှ လူငယ် (၂၅) ဦးကို ကော့သောင်းမြို့ လူဝင်မှုကြီးကြပ်ရေးမှူးနှင့် စစ်ကောင်စီတပ်က ဖမ်းဆီးခေါ်ဆောင်သွားပြီး အတင်းအဓမ္မစစ်မှုထမ်းစေခဲ့ကြောင်း ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

"(၂၀) ကျော်အရွယ် လူငယ်နဲ့ သက်သတ်ပိုင်းလူငယ် (၂၅) ယောက်ကို ရွေးထုတ်ပြီးတော့ ကျန်တဲ့သူတွေ အမျိုးသမီးတွေကို ပြန်လွှတ်ပေးလိုက်တယ်" ဟု အမည်မဖော်လိုသူ ကော့သောင်းမြို့ခံတစ်ဦးက ပြောသည်။

ဖမ်းဆီးခံရသည့်လူငယ် (၂၅) ဦးအနက် ကော့သောင်းဒေသခံလူငယ် (၅) ဦးကို တစ်ဦးလျှင် စစ်တပ်က ထိုင်းဘတ်ငွေ (၃၀,၀၀၀) ဖြင့် ပြန်လည်ရွေးထုတ်စေခဲ့ကြောင်း သိရသည်။ သို့သော် ဒေသခံလူငယ် (၁) ဦးကိုသာ မိသားစုဝင်များက ရွေးထုတ်နိုင်ခဲ့သည်။

ကျန်လူငယ် (၂၄) ဦးကို ကော့သောင်းအခြေစိုက် အမှတ် (၂၆၂) ခြေလျင်တပ်ရင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

"တပ်ရင်းထဲကို ခေါ်သွားတာ (၁) ပတ်လောက် ရှိပြီ။ ရန်ကုန်၊ ထားဝယ်၊ မြိတ်နဲ့ ပုလောဘက်က လူငယ်တွေများတယ်" ဟု ကော့သောင်းဒေသခံက ပြောသည်။

တရားမဝင်,ဝင်ရောက်မှုကြောင့်ဖြစ်စေ အကြောင်းတစ်ခုခုကြောင့် ပြစ်ဒဏ်ကျခံပြီး၍ဖြစ်စေ နေရပ်ပြန်ပို့ခြင်းခံရသည့် မြန်မာနိုင်ငံသားများကို စစ်ကောင်စီက ယခုကဲ့သို့ ဖမ်းဆီးကာ တပ်သားသစ်အဖြစ် အတင်းအဓမ္မစုဆောင်းနေမှုကြောင့် ရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုဝင်များက စိုးရိမ်ပူပန်နေကြောင်း သိရသည်။

## မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည့်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင် နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂) လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့် ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့ စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND